## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး
## (၃၇)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်
## (၂၀၁၆ ခုနှစ်၊ ဇွန်လ ၁ ရက်)
## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

အချိန်၊ ၁၀း၀၀။

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည် တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

မူကြမ်း

## ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၄၀၃ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၄.၆ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦး ရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၄၀၃ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၅ ဦးရှိပါတယ်။ ၎င်းတို့ကတော့-

(၁) လှည်းကူးမဲဆန္ဒနယ်မှ ဦးသိန်းတန် ခွင့် ၁ ရက်၊

(၂) ဗဟန်းမဲဆန္ဒနယ်မှ ဦးထွန်းမြင့် ခွင့် ၃ ရက်၊

(၃) ပူတာအိုမဲဆန္ဒနယ်မှ ဦးမိုးရွှေ ခွင့် ၃ ရက်၊

(၄) လပွတ္တာမဲဆန္ဒနယ်မှ ဒေါက်တာအေးကြူ ခွင့် ၁ ရက်နှင့်

(၅) လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းဘသိန်း ခွင့် ၇ ရက်တို့ဖြစ်ကြပါတယ်။ ဒါကြောင့်မို့လို့ ယခင် ခွင့်ပန်ကြားသူ ၁၈ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၅ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၃ ဦး ရှိပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ်ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း**

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၈ ဦး၊ ယနေ့ခွင့်ပြုထားသူ ၅ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၂၃ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

ဥက္ကဋ္ဌ။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**သာစည်မြို့နယ်ရှိ တိမ်ကောနေသော ညောင်ရမ်းမင်းလှကန်ကြီးအား ဆက်လက်ပြုပြင်ပေးနိုင်ရေးအတွက် နိုင်ငံတော်သမ္မတ၏ သီးသန့်ရန်ပုံငွေမှ ခွဲဝေချထားပေးပါရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းစိုး(သာစည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ သာစည်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုး ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်ရှိ ညောင်ရမ်းမင်းလှကန်ကြီးဟာ ရှေးမြန်မာမင်းများလက်ထက် နှစ်ပေါင်း ၉၀၀ ကျော်ကတည်းက တည်ဆောက်ခဲ့တဲ့ရေလှောင်ကန်ကြီးဖြစ်ပါတယ်။ စိုက်ပျိုးဧကပေါင်း ၂၇၀၀၀ ကျော်ကို ရေပေးဝေနိုင်တဲ့ သာစည်မြို့နယ်ရှိ ဒေသခံတောင်သူများရဲ့ အားကိုးအားထားရာဖြစ်တဲ့ ကန်ကြီးလည်းဖြစ်ပါတယ်။ မိုးနည်းရေရှားဒေသဖြစ်တဲ့ သာစည်မြို့နယ်အတွက် အလွန်အရေးပါတဲ့ ကန်ကြီးတစ်ခုလည်းဖြစ်ပါတယ်။ အဆိုပါညောင်ရမ်းမင်းလှကန်အတွင်း မိုးရေများစီးဝင်ရာမှ သဲနုန်းများပို့ချမှုကြောင့်လည်းကောင်း၊ ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများရဲ့ ဒိုက်အပေါ် သစ်ကိုင်းများစုပုံထားရှိကာ ငါးဖမ်းမှုကြောင့်လည်းကောင်း တဖြည်းဖြည်းတိမ်ကောလာပြီး မိုးရာသီရေဝင်ရောက်ရာမှာလည်း ရေဝင်ရောက်မှုဧရိယာနည်းပါးတဲ့အတွက် ရေကိုမစုဆောင်းနိုင်ဘဲ ရေပိုလွှဲမှတစ်ဆင့် ထုတ်ပေးရပါတယ်။ အဆိုပါညောင်ရမ်းမင်းလှကန်ကြီးဟာ သဲနုန်းတူးဖော်ပေးရန် ကြယ်ပွင့်ပြမေးခွန်းအဖြစ် ပထမအကြိမ်မှာမေးခဲ့ရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ သန်းတစ်ထောင်ခွင့်ပြုရန်ပုံငွေရရှိပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အဆိုပါသဲနုန်းတူးဖော်ခြင်းလုပ်ငန်းဟာ ရေမရှိတဲ့ကာလမှာ ဆောင်ရွက်ရတဲ့လုပ်ငန်းဖြစ်တဲ့အတွက်ကြောင့် ယခုလိုရေခန်းခြောက်တဲ့အချိန်မှာ တူးဖော်ရန်အချိန်အခါကောင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ သာစည်မြို့နယ်ရှိ ပြည်သူများဟာ ညောင်ရမ်းမင်းလှကန်ကြီးကို အမှီပြု၍ စိုက်ပျိုးရေးကို အသက်မွေးဝမ်းကျောင်းအဖြစ် အဓိကထားလုပ်ကိုင်ဆောင်ရွက်ရတာ ဖြစ်ပါတယ်။ အဆိုပါမင်းလှကန်ကြီးကောင်းမွန်မှသာ မိုးနည်းသောနှစ်များတွင် စိုက်ပျိုးရေပေးဝေနိုင်ပြီး ဒေသခံပြည်သူများရဲ့ လူမှုစီးပွားဘဝပိုမိုတိုးတက်မှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ သဲနုန်းတူးဖော်ရန်ကျန်ရှိသော ညောင်ရမ်းမင်းလှကန်ကြီးအား ပြန်လည်ပြုပြင်နိုင်ရန်အတွက် ရန်ပုံငွေခွဲဝေချထားပေးနိုင်ရေး အစီအစဉ်ရှိ/မရှိကို ဒေသခံတောင်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်ပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ သာစည် မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးရဲ့ ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ သာစည်မြို့နယ် မှာရှိတဲ့ တိမ်ကောနေတဲ့ ညောင်ရမ်းမင်းလှကန်ကြီးကို ဆက်လက်ပြုပြင်ပေးနိုင်ရေးအတွက် နိုင်ငံတော်သမ္မတရဲ့ သီးသန့်ရန်ပုံငွေမှ ခွဲဝေချထားပေးပါရန်နှင့် စပ်လျဉ်းတဲ့ မေးခွန်းအပေါ် အောက်ပါအတိုင်းပြန်လည်ဖြေကြားအပ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်အတွင်းမှာ ရှိတဲ့ ညောင်ရမ်းမင်းလှကန်ဟာ ရှေးမြန်မာမင်းများ လက်ထက် လွန်ခဲ့တဲ့နှစ်ပေါင်း ၉၀၀ ကျော်ကတည်းက လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြခဲ့သလို နှစ်ကာလကြာမြင့်စွာ တည်ဆောက်ခဲ့တာဖြစ်တဲ့ အတွက် ကန်အတွင်းမှာ သဲနုန်းများပို့ချခြင်း၊ တိမ်ကောလာခြင်း၊ ကန်ပေါင်များနိမ့်ကျပျက်စီး လျက်ရှိခြင်းတို့ကြောင့် ရေသိုလှောင်နိုင်မှုပမာဏ လျော့ကျလျက်ရှိပါတယ်။ ညောင်ရမ်း-မင်းလှကန် မှာ ညောင်ရမ်းကန်နှင့် မင်းလှကန်ဟူ၍ ပူးတွဲတည်ရှိပြီး ညောင်ရမ်းကန်မှာ အလျား ၂၅၅၀၀ ပေနဲ့ မင်းလှကန်မှာ အလျား ၂၄၅၀၀ ပေဖြင့် စုစုပေါင်း ကန်ပေါင်အလျား ၅၀၀၀၀ ပေခန့် မိုင်အားဖြင့် ပြောရမည်ဆိုလျှင် ၉ မိုင်ခွဲခန့်ရှည်လျားပြီး ရေတံခါးတပ်ရေပိုလွှဲလေးခု ထည့်သွင်းတည်ဆောက် ထားတာ တွေ့ရပါတယ်။ ဆည်ရေသောက်စနစ်မှာ ရေပေးမြောင်း ခုနစ်မြောင်းရှိပြီး သာစည်မြို့နယ် အတွင်းမှာရှိတဲ့ မိုးစပါးစိုက်ဧရိယာ ၂၇၂၀၀ ဧကခန့်ကို ရေပေးဝေနေခြင်း၊ ဒေသနေပြည်သူများနှင့် ကျွဲ၊ နွား၊ တိရိစ္ဆာန်များ သောက်သုံးရေပေးဝေခြင်း၊ ဒေသစိမ်းလန်းစိုပြည်ခြင်းဖြင့် အကျိုးပြုနိုင်ခဲ့ရာမှ ယခုအခါမှာ ရေလှောင်တဲ့ပမာဏ လျော့ကျပြီး မိုးစပါးစိုက်ဧက ၁၂၉၁၂ ခန့်နှင့် နွေစပါးစိုက်ဧက ၂၅၀ ခန့်သာ စိုက်ပျိုးရေပေးဝေနိုင်တာကို တွေ့ရပါတယ်။

ပြင်ဆင်ထိန်းရန်ကုန်ကျစရိတ်နှင့် ဆောင်ရွက်ပြီးစီးမှုများကို ဆက်လက်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေနဲ့ ညောင်ရမ်း-မင်းလှကန် ရေပိုမိုသိုလှောင်နိုင်ရေးအတွက် သဲနုန်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်နိုင်ရန် အသေးစိတ်တိုင်းတာတွက်ချက်ခဲ့တဲ့နေရာမှာ ကန်တွင်းသဲနုန်းတူးဖော်ခြင်း၊ မြေကြီးကျင်းပေါင်း သိန်း ၃၀၊ ရေဝင်ချောင်းများသဲနုန်းတူးဖော်ခြင်း မြေကြီး ကျင်းပေါင်း ၁.၂ သိန်း၊ ကန်တွင်းရှိရေအားအဆောက်အအုံများပြုပြင်ခြင်းလုပ်ငန်းရှစ်ခုနှင့် ဆည်ရေသောက်စနစ်ပြုပြင်ခြင်းလုပ်ငန်း မြေကြီးကျင်းပေါင်း ၂.၂၂ သိန်း စသည်ဖြင့် ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွက်ချက်မှုအရ လုပ်ငန်းတစ်ခုလုံးရဲ့ ခန့်မှန်းကုန်ကျငွေမှာ ကျပ်သန်း ၂၄၀၀၀ ခန့်ဖြစ်ပါတယ်။ အဆိုပါ ဆောင်ရွက်မယ့်လုပ်ငန်းများအနက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ခွဲဝေရန်ပုံငွေ ကျပ်သန်း ၂၁၆၀ ဖြင့် လုပ်ငန်းများဆောင်ရွက်ခဲ့ရာ လုပ်ငန်းတစ်ခုလုံးရဲ့ ၉ ရာခိုင်နှုန်းခန့်သာ ဆောင်ရွက်ပြီးစီးခဲ့တာဖြစ်ပါတယ်။ ဆက်လက်ပြီးတင်ပြရမှာကတော့ နိုင်ငံတော်သမ္မတရဲ့ သီးသန့်ရန်ပုံငွေခွဲဝေချထားမှုကိစ္စရပ်ပဲ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ ညောင်ရန်း-မင်းလှကန်ရဲ့ ဆောင်ရွက်ရန်ကျန်ရှိ သောလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် သီးသန့်ရန်ပုံငွေခွဲဝေချထားနိုင်ရေးကိစ္စနှင့်ပတ်သက်ပြီး ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ အပိုင်း(၄)၊ သီးသန့်ရန်ပုံငွေ ပုဒ်မ ၂၄ မှာ အောက်ပါကိစ္စရပ်များထက်သာလျှင် သီးသန့်ရန်ပုံငွေချထားခွင့်ရှိပါတယ်။ ကိစ္စရပ်များကတော့ ကြိုတင်မမျှော်မှန်းနိုင်တဲ့ သဘာဝဘေးအန္တရာယ်များအတွက် အသုံးစရိတ်ဖြစ်ခြင်း၊ ဘဏ္ဍာရေးနှစ်အတွင်း မသုံးစွဲလျှင်မဖြစ်သည့် အထူးကိစ္စရပ်ဖြစ်ခြင်း၊ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများအရ ခေါင်းစဉ်လွှဲပြောင်းကျခံရန်မဖြစ်နိုင်ခြင်း သို့မဟုတ် ခေါင်းစဉ်လွှဲပြောင်းကျခံရန်အတွက် ရန်ပုံငွေမရှိခြင်း စသည့်ကိစ္စရပ်များအတွက် သီးသန့်ရန်ပုံငွေသုံးစွဲခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရန် လိုအပ်ပါတယ်။ သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည်ဟုလည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲသည့်ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း ကျိုးကြောင်းဖော်ပြချက်များနှင့်အတူ အနီးကပ်ဆုံးကျင်းပတဲ့ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တင်ပြရမည်ဟုလည်းကောင်း ပြဋ္ဌာန်းထားသည့်အတွက် အထက်ပါလုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြတောင်းခံပြီးမှသာလျှင် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

ညောင်ရမ်း-မင်းလှကန်သဲနုန်းတူးဖော်ခြင်းလုပ်ငန်းအတွက် ကိုယ်စားလှယ်တော်ကြီး တင်ပြခဲ့သလို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မူလရန်ပုံငွေ ကျပ်သန်း ၁၀၀၀ လျာထားပါဝင်ပြီး ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းများအနက် ဦးစားပေးဆောင်ရွက်ရန် လိုအပ်သည့်လုပ်ငန်းများအား အဆောတလျင်ဆောင်ရွက်ရန် စီမံဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဤလုပ်ငန်းမှာ လုပ်ငန်းပမာဏကြီးမားပြီး ရန်ပုံငွေလိုအပ်ချက်များပြားတဲ့ လုပ်ငန်းဖြစ်တဲ့အပြင် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း အပြီးဆောင်ရွက်နိုင်ခြင်းမရှိတဲ့အတွက် ကျန်ရှိသောလုပ်ငန်းအားလုံး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ထပ်မံလိုအပ်သည့်ရန်ပုံငွေ ကျပ်သန်းပေါင်း ၂၀၈၆၃ ခန့်ကို ဘဏ္ဍာနှစ်အလိုက် ဆက်လက်တင်ပြ တောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ်အခြေခံပြီး လုပ်ငန်းများအား ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နယ်တွင် မြေဧရိယာဧကပေါင်း ၂၀၁၈၁ ဧကကို လူပုဂ္ဂိုလ်(၁၃)ဦး၏နာမည်ပေါက်ချထားပေးခဲ့ရာ အခက်အခဲများကြုံတွေ့ရခြင်း၊ ပတ်ဝန်းကျင်ကျေးရွာများတွင် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေးနည်းဥပဒေ ၃၆(က)၊ ဥပဒေပုဒ်မ ၂၁ နှင့် ဥပဒေပုဒ်မ ၂၂ (ဂ)ပါ ပြဋ္ဌာန်းချက်များကို ဒေသခံများနှင့် အသုံးပြုခွင့်ရရှိထားသူများသိအောင် မည်သို့ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် လယ်ယာမြေ ပိုင်ဆိုင်ခွင့် ပုံစံ(၇) ထုတ်ပေးထားခြင်းရှိ/မရှိတို့ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်ထွန်း(တန့်ဆည်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ထွန်း ဖြစ်ပါတယ်။ ကျွန်တော်တို့မြို့နယ်မှာ မြေလွတ်၊ မြေလပ်၊ မြေရိုင်းဥပဒေ၊ နည်းဥဒေများကို အခွင့်အကောင်းယူပြီးတော့ မြေဧက ၂၀၁၈၁ ဧကကို လူ(၁၃)ဦးရဲ့ အမည်ပေါက်ဖြင့် အပိုင်စီးခဲ့ပါတယ်။ တကယ်တော့ မြေလွတ်၊ မြေလပ်များမဟုတ်ကြဘဲ အင်ပင်၊ သစ်မာပင်စတဲ့ သစ်ပင်မျိုးစုံပေါက်နေတဲ့ သစ်တောများဖြစ်ကြပါတယ်။ ၎င်းသစ်တောများ ပတ်ဝန်း ကျင်မှာ ကျေးရွာများရှိတဲ့အတွက် နွားစားကျက်ရှားပါးခြင်း၊ ထင်းခွေရာခက်ခဲခြင်းများအပြင် သဘာဝ ပတ်ဝန်းကျင်ပျက်စီးပြီးတော့ ရေရှားပါးမှုနဲ့ပါ ကြုံတွေ့နိုင်ပါတယ်။ အချို့မြေများဟာ မုံရွာ၊ ရေဦး၊ ကလေးဝလမ်းမကြီးဘေးမှာ ရှိပြီးတော့ အရှည် ၇ မိုင်ခန့်အထိ တိုင်များ၊ ခြံစည်းရိုးများ

ခတ်ထားတာ ကိုမြင်တွေ့ခဲ့ရပါတယ်။ အမှန်တကယ်စိုက်ပျိုးထုတ်လုပ်ဖို့ ရည်ရွယ်ချက်မရဘဲနဲ့ မြေဦးမှတ်ထားခြင်း မျိုးလို့ သုံးသပ်လို့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုအစိုးရ၏ခွင့်ပြုချက်မရဘဲ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ရောင်းချခြင်း၊ အငှားချထားခြင်း၊ လွှဲပြောင်းခြင်း၊ ခွဲစိပ်ခြင်းမပြုရလို့ဆိုထားသော်လည်း ပြုလုပ်နေကြောင်း သိရပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်း(၁)ကတော့ မြေလွတ်၊ မြေလပ်၊ မြေရိုင်း စီမံခန့်ခွဲရေးဥပဒေပုဒ်မ ၃၆ ပုဒ်မခွဲ(က)မှာပါတဲ့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို အမှန်တကယ် ဖော်ထုတ်လုပ်ကိုင် အသုံးပြုခြင်းမရှိပဲ အခွင့်အရေးတစ်ရပ်အနေဖြင့် ပမာဏကြီးစွာရယူထားခြင်း မရှိစေလို့ပါပါတယ်။ အခွင့်အရေးတစ်ရပ်အနေဖြင့် ပမာဏကြီးစွာ ရယူထားခြင်းရှိ/မရှိ သိရှိလိုပါတယ်။ မေးခွန်း(၂)ကတော့ ဥပဒေ ပုဒ်မ ၂၁ မှာ ပါပါတယ်။ ဤဥပဒေပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ချိုးဖောက်ကြောင်းတွေ့ရှိလျှင် မူလသွင်းထားတဲ့အာမခံကြေးကို သိမ်းဆည်းရမည့်အပြင် လုပ်ပိုင်ခွင့် အသုံးပြုခွင့်ကိုလည်း ပြန်လည်ရုပ်သိမ်းပိုင်ခွင့် ရှိတယ်လို့ဆိုပါတယ်။ ဥပဒေချိုးဖောက်တာတွေရှိ/မရှိ၊ ရှိလျှင် လုပ်ပိုင်ခွင့်အသုံးပြုခွင့် ရုပ်သိမ်း/မသိမ်း သိရှိလိုပါတယ်။ မေးခွန်း(၃)ကတော့ ဥပဒေပုဒ်မ ၂၂ ပုဒ်မခွဲ(ဂ) မှာ ပါပါတယ်။ မူလခွင့်ပြုကာလထက် ကျော်လွန်သည်ထိ ဖော်ထုတ်လုပ်ကိုင်အသုံးပြုခြင်း မရှိတဲ့မြေများကို နိုင်ငံတော်က ပြန်လည်သိမ်းယူပြီးဖြစ်တယ်လို့ မှတ်ယူရမယ်လို့ပါပါတယ်။ ဒါကြောင့် ဖော်ထုတ်လုပ်ကိုင်အသုံးပြုခြင်းမရှိတဲ့ မြေကွက်လပ်များကို နိုင်ငံတော်ပိုင်ဖြစ်တယ်ဆိုတာ ဒေသခံများ သိအောင်၊ အသုံးပြုခွင့်ရရှိထားသူများသိအောင် မည်သို့မည်ပုံဆောင်ရွက်မည်ဖြစ်ကြောင်းကို သိရှိလိုပါတယ်။ မေးခွန်း(၄)ကတော့ ၎င်း မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို လယ်ယာမြေပိုင်ဆိုင်ခွင့် ပုံစံ(၇) ထုတ်ပေးထားခြင်းရှိ/မရှိသိရှိလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်ထွန်းရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ကျွန်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှ ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်း

ဒေသကြီး၊ ရွှေဘိုခရိုင်၊ တန့်ဆည်မြို့နယ်အတွင်းမှာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ဖော်ပြတဲ့အတိုင်း လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပြုထားကြောင်း သိရှိရပါတယ်။ (က) အထက်ကဖော်ပြခဲ့တဲ့ လူပုဂ္ဂိုလ် (၁၃)ဦးရဲ့ မြေဧရိယာဧကပေါင်း ၂၀၁၈၀ ဧကကို ခွဲခြားပြီးတဲ့အခါမှာ နှစ်ပိုင်းတွေ့ရပါတယ်။ အပိုင်း(က)က ယခင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုဗဟိုအဖွဲ့မှ လူပုဂ္ဂိုလ် (၁၀)ဦးအား မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဧရိယာ ၂၀၁၃၄.၆၇ ဧကကို ခွဲဝေပေးခဲ့တဲ့ကိစ္စ၊ အပိုင်း(ခ)အနေနဲ့ကတော့ ၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေအရ ဖွဲ့စည်းတာဝန်ပေးအပ်ထားတဲ့ တိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့မှ လူပုဂ္ဂိုလ်နှစ်ဦးတို့ကို မြေလွတ်၊ မြေလပ်နှင့်မြေရိုင်း ဧရိယာ ၂၀ ဧကကို ခွင့်ပြုပေးခဲ့တဲ့ကိစ္စရပ်များပါဝင်ကြောင်း သိရ ပါတယ်။ ဥပဒေရေးရာကိစ္စနှင့်ပတ်သက်၍ တင်ပြရမယ်ဆိုရင် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိထားသူများနှင့် စပ်လျဉ်းပြီး ၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း များစီမံခန့်ခွဲရေး ဥပဒေပုဒ်မ ၂၁ မှာ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက ဤဥပဒေပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ချိုးဖောက်ကြောင်း တွေ့ရှိလျှင် မူလပေးသွင်းထားတဲ့အာမခံကြေးကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းမည့်အပြင် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ကိုလည်း ပြန်လည်ရုပ်သိမ်းပိုင်ခွင့် ရှိသည်ဟုလည်းကောင်း၊ ဥပဒေပုဒ်မ ၂၂ ပုဒ်မခွဲ(ဂ)တွင် မူလခွင့်ပြု ကာလထက် ကျော်လွန်သည်အထိ ဖော်ထုတ်လုပ်ကိုင်အသုံးပြုခြင်းမရှိသေး သော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို နိုင်ငံတော်ကပြန်လည်သိမ်းယူပြီးဖြစ်သည်ဟု မှတ်ယူရမည်ဟု လည်းကောင်း၊ ပုဒ်မခွဲ(ဃ)တွင် မူလခွင့်ပြုကာလအတွင်း သတ်မှတ်ထားသည့်စည်းကမ်းချက် များနှင့်အညီ လုပ်ငန်းဆောင်ရွက်ရန် ပျက်ကွက်ကြောင်း သို့မဟုတ် စည်းကမ်းချိုးဖောက်ကြောင်း တွေ့ရှိပါက အာမခံကြေးကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းခံရမည့်အပြင် မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ကို ပြန်လည်ရုပ်သိမ်းခြင်းခံရမည်ဟုလည်းကောင်း ပြဋ္ဌာန်း ထားရှိပါတယ်။ ဒီနေရာမှာ လုပ်ကိုင်သူ၏တာဝန်နှင့် ကြီးကြပ်ရေးအဖွဲ့အစည်းများရဲ့ တာဝန်ကိုလည်း ပဲတင်ပြလိုပါတယ်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိထားသူဟာ နည်းဥပဒေ ၄၉ အရ ခွင့်ပြုမိန့်ရရှိထားတဲ့ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများမှာ အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေနှင့် စပ်လျဉ်းပြီး ခွင့်ပြုမိန့်ထုတ်ပေးသည့် ရက်စွဲနှင့်စာအမှတ်တို့ကို ပြည့်စုံစွာ ဖော်ပြပြီး အမှန်တကယ်ဖော်ထုတ်လုပ်ကိုင် အသုံးပြုပြီးသောဧရိယာနှင့် ကျန်ရှိနေသောဧရိယာတို့ကို

ခါတ်ပုံမှတ်တမ်းများနှင့်တကွ ပူးတွဲပြီး အထောက်အထားခိုင်လုံစွာဖြင့် မှတ်တမ်းပြုစုပြီး ဗဟိုကော်မတီသို့ တင်ပြရမှာဖြစ်ပါတယ်။ နည်းဥပဒေ ၅၀ အရ နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် လုပ်ငန်းတစ်ခုချင်းအလိုက် ဖွဲ့စည်းတာဝန်ပေးအပ်ထားတဲ့ အထူးအဖွဲ့များအနေဖြင့်လည်းပဲ သက်ဆိုင်သည့်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကိုသွားရောက်ပြီး လုပ်ကိုင်ခွင့်၊ အသုံးပြုခွင့်ရသူ ကိုယ်တိုင်ဖြစ်စေ၊ တရားဝင်လွှဲအပ်ခြင်းခံရသူကိုဖြစ်စေ တစ်ပါတည်းလိုက်ပါစေပြီး သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်အတူ ကွင်းဆင်းပြီး ခွင့်ပြုထားတဲ့မြေပေါ်မှာ ခွင့်ပြုထားတဲ့လုပ်ငန်းကို အမှန်တကယ် ဖော်ထုတ်လုပ်ကိုင်ပြီးစီးမှုအခြေအနေကို စစ်ဆေးတင်ပြဆောင်ရွက်သွားရန် တာဝန်ရှိပါတယ်။

တင်ပြချက်များအပေါ်မှာ တွေ့ရှိချက်ကို ဆက်လက်တင်ပြမှာဖြစ်ပါတယ်။ အပိုဒ်ခွဲ(က) မြေအမျိုးအစားမှာ ယခင်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုအဖွဲ့ရဲ့ ခွင့်ပြုမိန့်အရ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရှိထားတဲ့ လူပုဂ္ဂိုလ် (၁၀)ဦးရဲ့ဧရိယာ ၂၀၁၃၄.၆၇ ဧကမှာ ၎င်းတို့ကိုယ်တိုင်စိုက်ပျိုးမှုဟာ ၁၀၆၄ ဧကဖြစ်ပြီး ကျန်သော ၁၉၀၇၀.၆၇ ဧကသည် မူလခွင့်ပြုကာလထက်ကျော်လွန်သည်အထိ ဖော်ထုတ်လုပ်ကိုင်အသုံးပြုခြင်း မရှိသေးကြောင်း သိရှိရတဲ့အတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရထားသည့် လူပုဂ္ဂိုလ်တစ်ဦးချင်းထံသို့ တိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့မှ မူလခွင့်ပြုကာလအတွင်း သတ်မှတ်ထားတဲ့ စည်းကမ်းချက်များနှင့်အညီ လုပ်ငန်းဆောင်ရွက်ရန်ပျက်ကွက်တာကို တွေ့ရှိရတဲ့အတွက် ၂၇-၅-၂၀၁၄ ရက်နေ့မှာ အကြောင်းကြားထားရှိပြီးဖြစ်ကြောင်း သိရှိရပါတယ်။ ဥပဒေ၊ နည်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ပယ်ဖျက်ပြီးပါက ဒေသခံများသိရှိနိုင်ရေး သက်ဆိုင်ရာတိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့မှ အသိပေးရှင်းလင်းပြောကြားနိုင်မှာဖြစ်ပါတယ်။ လုပ်ငန်းအားဖြင့် ကြန့်ကြာနေတာကို တွေ့ရှိရပါတယ်။ အပိုဒ်(ခ)မှာပါဝင်တဲ့ တိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့မှ ခွင့်ပြုပေးထားတဲ့ လူပုဂ္ဂိုလ်နှစ်ဦးရဲ့ ဧရိယာ ၂၀ ဧကနှင့်စပ်လျဉ်းပြီးတော့ ၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၂၂ ပုဒ်မခွဲ(ဃ)အရ ဖော်ထုတ်စိုက်ပျိုးဖို့ရာ သတ်မှတ်ထားတဲ့ကာလ ကျော်လွန်ခြင်းမရှိသေးပါကြောင်းကို တွေ့ရှိရပါတယ်။ ဒါ့အပြင် ဆက်လက်မေးမြန်းထားတဲ့မေးခွန်းဖြစ်တဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ တန့်ဆည်မြို့နယ်အတွင်းမှာရှိတဲ့ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများကို လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပြုထားတဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို လယ်ယာမြေလုပ်ပိုင်ခွင့်ပြုပုံလက်မှတ် ပုံစံ(၇)

ထုတ်ပေးထားခြင်း ရှိခြင်း/မရှိခြင်းနှင့်ပတ်သက်၍ ထုတ်ပေးထားခြင်းမရှိပါကြောင်း ပြန်ကြားအပ်ပါတယ်။ သို့ဖြစ်တဲ့အတွက် ကိုယ်စားလှယ်တော်ကြီး၏ မေးခွန်းပါကိစ္စရပ်များနှင့်ပတ်သက်၍ ၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေ၊ နည်းဥပဒေ၊ လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်စီမံဆောင်ရွက်သွားမှာဖြစ်တဲ့အကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဦးမြင့်ထွန်း(တန့်ဆည်မဲဆန္ဒနယ်)။** ။ ဖြေကြားပေးတဲ့ဝန်ကြီးကို ကျေးဇူးတင်ပါတယ်။ ကျွန်တော့်အနေနဲ့ တစ်ဆက်တစ်စပ်တည်းမေးခွန်းမေးခွင့်ပြုပါ။ ကျွန်တော်တို့ နည်းဥပဒေ ၄၅(က)မှာ ပါပါတယ်။ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိတဲ့သူဟာ မြေလွတ်၊ မြေလပ်၊ မြေရိုင်းကို စတင်ခွင့်ပြုသည့်နေ့မှစပြီးတော့ (၄)နှစ်အတွင်း ပထမနှစ်မှာ ၁၅ ရာခိုင်နှုန်း၊ ဒုတိယနှစ်မှာ ၃၀ ရာခိုင်နှုန်း၊ တတိယနှစ်မှာ ၃၀ ရာခိုင်နှုန်း၊ စတုတ္ထနှစ်မှာ ၂၅ ရာခိုင်နှုန်းဖြင့် ရာနှုန်းပြည့်လုပ်ငန်းပြီးစီးသည်အထိ ဖော်ထုတ်ရမည်ဟု ပါပါတယ်။ ခုနက ဝန်ကြီး ဖြေကြားသွားတဲ့အထဲမှာ ဧက ၂၀၀၀ ကျော်ကို ပြုလုပ်ခွင့်ပြုထားတယ်လို့ ဖြေကြားတဲ့အတွက် အခု ကျွန်တော်တင်ပြတဲ့ နည်းဥပဒေ ၄၅(က)နှင့် အဲဒီ ခွင့်ပြုတဲ့မြေဧကဟာ ကိုက်ညီ/မကိုက်ညီ သိလိုပါတယ်။ မကိုက်ညီဘူးဆိုရင်လည်း မည်သို့မည်ပုံဆောင်ရွက်မယ်ဆိုတာကို သိရှိလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ ကျွန်တော့်ဖြေကြားချက်ထဲမှာ ပါလိုက်တဲ့အချက်က ၁၀၆၄ ဧကကိုပဲ အသုံးပြုတယ်လို့ဖြေပါတယ်။ စုစုပေါင်း ဧက ၂၀၀၀၀ ကျော်မှာ သူအသုံးမပြုထားတာက ၁၉၀၀၀ ကျော် အသုံးမပြုဘူးလို့ဖြေပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ သူတို့တတွေ စည်းကမ်းချက်နဲ့ လုပ်ငန်းဆောင်တာပျက်ကွက်ကြောင်းကို ၂၀၁၄ ခုနှစ်မှာ သတိပေးပြီးပြီလို့ဖြေပါတယ်။ နောက်ဒုတိယတစ်ချက်ဖြေထားတာက ဒီလိုဆောင်ရွက်တဲ့နေရာမှာ သက်ဆိုင်ရာတိုင်းဒေသကြီးအဖွဲ့ကနေပြီးတော့၊ တင်ပြပြီးတော့ အကြောင်းကြားရုံပဲကြားထားတဲ့အတွက် လုပ်ငန်းဆောင်ရွက်မှုအရှိန်အဟုန်ဟာ အားနည်းနေတယ်လို့ ကျွန်တော်ဖြေပါတယ်။ ဒါကြောင့်မို့လို့ ဒီဟာကို ကျွန်တော်တို့ ကြီးကြပ်ပြီးတော့ လုပ်ငန်းဆောင်ရွက် သွားမှာဖြစ်တယ်လို့ ကျွန်တော် ပြန်ကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

မူကြမ်း

**သမဝါယမအသေးစား ငွေကြေးဝန်ဆောင်မှုချေးငွေလုပ်ငန်း Cooperative Microfinance Loan (CMF)နှင့်ပတ်သက်ပြီး ၂၀၁၆ ခုနှစ်အတွင်း တစ်နှစ်တစ်ကြိမ် တိုး/ရင်းပေါင်းပြန်လည်ပေးဆပ်သော စနစ်ကို ကျင့်သုံးနိုင်ရန် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ နမ့္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းခမ်းအေး(နမ့္မတူမဲဆန္ဒနယ်)။** ။ မင်္ဂလာပါ။ ရှမ်းပြည်နယ်၊ နမ့္မတူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေးဖြစ်ပါတယ်ရှင်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ရဲ့ ပထမပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့မှာ နိုင်ငံတကာချေးငွေရဲ့ အထောက်အပံ့တွေအနက် အမေရိကန်ဒေါ်လာ သန်း ၁၀၀ နှင့်ညီမျှတဲ့ China EXIM Bank ချေးငွေကို သမဝါယမအသင်းအဆင့်ဆင့်ကိုထုတ်ချေးပေးတဲ့ သမဝါယမအသေးစား ငွေကြေးဝန်ဆောင်မှုချေးငွေလုပ်ငန်းနှင့် ပတ်သက်ပြီးမေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်ရှင့်။ မြန်မာနိုင်ငံဟာ China EXIM Bank ကိုချေးငွေရဲ့အတိုးအရင်းပေးဆပ်ရမယ့်ကာလဟာ နှစ်စဉ်ဇန်နဝါရီလ ၂၁ ရက်နှင့်ဇူလိုင်လ ၂၁ ရက်နေ့ နောက်ဆုံးထားပြီးပေးသွင်းရမှာဖြစ်ပြီး ဆိုင်းငံ့ကာလနှစ်နှစ်၊ ပြန်ဆပ်ကာလရှစ်နှစ်ဆိုပြီးတော့ သဘောတူစာချုပ်ချုပ်ဆိုထားပါတယ်ရှင်။ Power Point အသုံးပြုခွင့်ပြုပါ။ သမဝါယမဝန်ကြီးဌာန ကနေပြီးတော့ သမဝါယမအသေးစားငွေချေးဝန်ဆောင်မှု ချေးငွေလုပ်ငန်းအစီအစဉ်ညွှန်ကြားလွှာမှာဆိုရင် Power Point မှာပြထားတဲ့အတိုင်း တွေ့မြင်နိုင်ပါတယ်။ အဲဒါကိုကြည့်ခြင်းအားဖြင့် နှစ်စဉ်ခြောက်လတစ်ကြိမ် တိုးရင်းပေါင်းပြန်လည်ပေးဆပ်ရတဲ့စနစ်ဖြစ်ပါတယ်။ ဒီစနစ်ဟာ တစ်သီးစားသာစိုက်ပျိုးနိုင်တဲ့ ရှမ်းပြည်နယ်အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေပါတယ်။ ဇူလိုင်လမှာ ပြန်လည်ပေးဆပ်ရမယ့်အတိုးအရင်းပေါင်းဟာဆိုလို့ရှိရင် စိုက်ပျိုးရာသီချိန်ဖြစ်နေတဲ့အတွက် အဲဒီငွေတွေကို ပြန်လည်ပေးဆပ်နိုင်ဖို့ တခြားနည်းလမ်းနဲ့ ထပ်မံငွေတိုးမံယူပြီး ပေးဆပ်နေရတာကို ဝမ်းနည်းစွာတွေ့နေရပါတယ်။ ဒီသမဝါယမလုပ်ငန်းရဲ့ ရည်ရွယ်ချက်ဖြစ်တဲ့ တောင်သူလယ်သမားများအား မိမိလုပ်ငန်းတွေမှာ လိုအပ်တဲ့အရင်းအနှီးတွေကို အတိုးနှုန်းသက်သာစွာနဲ့ ရရှိစေဖို့ဆိုတာနဲ့ လုံးဝဆန့်ကျင်နေပါတယ်။ ဤညွှန်ကြားလွှာ ၁၆(က)မှာဆိုရင်လည်း မိမိတို့ဒေသအလိုက် စိုက်ပျိုးတဲ့သီးနှံနဲ့ထုတ်လုပ်တဲ့ ကုန်ပစ္စည်းရဲ့ ရာသီကာလအပေါ်မူတည်ပြီး ချေးငွေထုတ်ချေးပေးရမယ့်ကာလနှင့် ပြန်လည်ပေးဆပ်ရမယ့်ကာလကို ဗဟိုအဆင့်လုပ်ငန်းကော်မတီသို့ တင်ပြဆောင်ရွက်ရန်ဆိုပြီး ဖော်ပြထားတာကိုကြည့်ခြင်းအားဖြင့် အသင်းသားအကျိုးကို ရှေးရှုပြီး အဓိကထားသကဲ့သို့ ဖြစ်နေပါတယ်။ လက်တွေ့မှာတော့ သမဝါယမလုပ်ငန်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်နေပါတယ်ဆိုတဲ့ ဖော်ပြမှုအတွက်သာ ဒီစနစ်ကို

ကျင့်သုံးနေပြီးတော့ အသင်းသားတွေကို လစ်လျူရှုထားသလိုဖြစ်နေပါတယ်။ ကောင်းမွန်တဲ့ အုပ်ချုပ်မှုစနစ်ဆိုတာ နိုင်ငံအတွက် အကျိုးရှိမယ်ဆိုလို့ရှိရင် ပြောင်းလွယ်ပြင်လွယ်ရမှာပါ။ အဲဒီလိုပဲ တရုတ်နိုင်ငံနှင့် ဘယ်လိုပဲစာချုပ်ချုပ်ဆိုထားစေကာမူ ခြောက်လတစ်ကြိမ်အစား တစ်နှစ်တစ်ကြိမ် အတိုးအရင်းပေါင်း ပြန်လည်ပေးအပ်တဲ့စနစ်ကို ကျင့်သုံးမယ်ဆိုလို့ရှိရင် တစ်သီးစားသာ စိုက်ပျိုးနိုင်တဲ့ ရှမ်းပြည်နယ်အတွက်သာမက တစ်နိုင်ငံလုံးမှာရှိတဲ့အသင်းသားတွေရဲ့အကျိုးကို ပိုပြီးပြုနိုင်မှာဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်မမေးမြန်းလိုတဲ့မေးခွန်းကတော့ ၂၀၁၆ ခုနှစ်အတွင်း တစ်နှစ်တစ်ကြိမ် အတိုးအရင်းပေါင်း ပြန်လည်ပေးဆပ်စနစ်ကို ကျင့်သုံးနိုင်ရန် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်၊ နမ္မတူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေးရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ နမ္မတူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေးရဲ့သမဝါယမအသေးစား ငွေကြေးဝန်ဆောင်မှု ချေးငွေလုပ်ငန်းနှင့် ပတ်သက်ပြီး ၂၀၁၆ ခုနှစ်အတွင်း တစ်နှစ်တစ်ကြိမ်တိုး/ရင်းပေါင်း ပြန်လည်ပေးဆပ်သောစနစ်ကို ကျင့်သုံးနိုင်ရန် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ မေးခွန်းအပေါ် ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ဦးစွာတင်ပြလိုတာကတော့ သမဝါယမအသင်းရဲ့ ယင်းကိစ္စနှင့် ပတ်သက်ပြီးဆောင်ရွက်ခဲ့တဲ့ ရည်ရွယ်ချက်ပဲဖြစ်ပါတယ်။ သမဝါယမအသင်းတွေ ဖွံ့ဖြိုးတိုးတက်ရန်နှင့် အသင်းသားများ အတိုးနှုန်းသက်သာပြီး စိုက်ပျိုးစရိတ်ချေးငွေများအား အချိန်မီဆောင်ရွက်နိုင်ရန် အတွက် အသင်းသားများရဲ့ အစု၊ စုဆောင်းငွေများဖြင့်လည်းကောင်း၊ အသင်းပိုင်ငွေများဖြင့်လည်းကောင်း၊ ပြည်ပချေးငွေများဖြင့်လည်းကောင်း အသေးစားအရင်းအနှီးချေးငွေလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါတယ်။ ယင်းအသေးစားအရင်းအနှီးချေးငွေလုပ်ငန်းရဲ့ ရည်ရွယ်ချက်ကတော့ အတိုးနှုန်းသက်သာပြီး ပြည်သူများအတွက် လတ်တလော သက်သာချောင်ချိမှုရရှိစေရေးကိုသာမက နောက် လေး၊ ငါးနှစ်ကြာတဲ့ အခါမှာ ငွေချေးစရာမလို

တော့ဘဲ မိမိဘာသာရပ်တည်လာနိုင်အောင် (Self-reliance) ဖြစ်အောင်နှင့် ၎င်းမှတစ်ဆင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်အောင် (Sustainable Development) ဖြစ်အောင်အထိပါ မျှော်မှန်း ဆောင်ရွက်ခဲ့ခြင်းလည်း ဖြစ်ပါတယ်။

ဆက်လက်ပြီး တင်ပြလိုတာကတော့ စာချုပ်ချုပ်ဆိုခဲ့ပုံနဲ့ စာချုပ်ပါ စည်းကမ်းများရဲ့ အကြောင်းပဲ ဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အောက်မှာရှိတဲ့ သမဝါယမဦးစီးဌာနအနေနဲ့ မြန်မာနိုင်ငံအတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်များမှာရှိတဲ့ သမဝါယမ အသင်းသားများကို စိုက်ပျိုးစရိတ်ချေးငွေများ ပေးအပ်နိုင်ရေးအတွက် ပထမအကြိမ် ပြည်ထောင်စု လွှတ်တော်၏ သဘောတူညီချက်အရ China EXIM Bank ထံမှ ချေးငွေများရယူ လုပ်ဆောင်ရာမှာ နှစ်နိုင်ငံစာချုပ်ပါစည်းကမ်းအရ နွေ၊ မိုး၊ ဆောင်းစိုက်ပျိုးသီးနှံများအနက် သီးနှံပေါ်မည့်ကာလနှင့် ချင့်ချိန်၍ ခြောက်လတစ်ကြိမ် ပြန်လည်ပေးဆပ်နိုင်သည့်စနစ်ကို အနီးစပ်ဆုံး ခန့်မှန်းထုတ်ချေး ပေးထားခြင်း ဖြစ်ပါတယ်။ ဒီနေရာမှာ ချေးငွေရယူတဲ့ အသင်းသားများကလည်း တစ်ဦးချင်း ငွေချေးစာချုပ်ပါ စည်းကမ်းများကို သဘောတူထားရှိပြီး ဖြစ်တဲ့အတွက် စာချုပ်ပါ စည်းကမ်းအတိုင်း ခြောက်လတစ်ကြိမ် ပေးချေနေကြခြင်းပဲ ဖြစ်ပါတယ်။

စာချုပ်ပါစည်းကမ်းနှင့်အညီ ဆောင်ရွက်ခဲ့မှုကို တင်ပြမယ်ဆိုရင် တိုင်းဒေသကြီး/ပြည်နယ်များ မှာရှိတဲ့ သမဝါယမအသင်းသားတောင်သူတွေကို တရုတ်ပြည်သူ့ သမ္မတနိုင်ငံ EXIM Bank ချေးငွေကို အဓိကထားပြီး ထုတ်ချေးပေးရခြင်းဖြစ်တဲ့အတွက် ဒေသတစ်ခုနှင့်တစ်ခု စိုက်ပျိုးချိန် ကာလ၊ စိုက်ပျိုးနည်းစနစ် မတူညီသော်လည်းပဲ တစ်နိုင်ငံလုံးကို လွှမ်းခြုံ၍ အနီးစပ်ဆုံးခန့်မှန်း တွက်ချက်၍ အသင်းသားများသို့ ခြောက်လတစ်ကြိမ် ထုတ်ချေးပေးခဲ့တဲ့နေရာမှာ ယခုအချိန်အထိ အသင်းသားများမှလည်း ၁၀၀ ရာခိုင်နှုန်းပြန်လည်ပေးဆပ်လျက်ရှိတာကို တွေ့ရပါတယ်။ စောစောက မေးခွန်းမှာပါတဲ့အချက်ကတော့ တစ်နိုင်ငံလုံးကို လွှမ်းခြုံခဲ့ရတဲ့အတွက် တစ်ဒေသနှင့် ဒေသဟာ အများစုအတွက် အဆင်ပြေပေမယ့်လည်း အနည်းစုမှာ အခက်အခဲရှိနိုင်ပါတယ်။ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ချေးငွေပမာဏတိုးမြှင့်လာပုံအဆင့်ဆင့်ကို ဆက်လက်တင်ပြမှာဖြစ်ပါတယ်။ တရုတ် ပြည်သူ့သမ္မတနိုင်ငံ EXIM Bank ကနေပြီး ပထမအကြိမ် ချေးငွေအမေရိကန်ဒေါ်လာသန်း ၁၀၀ မှ ပထမအရစ် ဒေါ်လာသန်း ၅၀ ကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင် ထုတ်ချေးငွေကျပ်သန်း ၅၁၅၃၆.၀၈၂ ကို ဇူလိုင်လ ပထမပတ်မှာ အသင်းသားများမှ ပြန်လည်ပေးဆပ်ပြီး ၎င်းပြန်လည်ပေးဆပ်သည့်ငွေ၊ အစု၊ စုဆောင်းငွေများနှင့် ဒုတိယအရစ် အမေရိကန်ဒေါ်လာသန်း ၅၀ တို့ပူးပေါင်းပြီး အသင်းသား

များကို ၂၀၁၄ ခုနှစ် ဇူလိုင်လမှာ ထုတ်ချေးငွေကျပ်သန်း ၁၀၉၅၄၆.၂၆၈ ကို ထုတ်ချေးပေးခဲ့ပါတယ်။ ခြောက်လပြည့်တဲ့ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ပထမပတ်မှာ ပြန်လည်ကောက်ခံပြီး တတိယအကြိမ် အဖြစ် ချေးငွေအမေရိကန်ဒေါ်လာ သန်း ၁၀၀ နှင့် အသင်းသားများ၏ အစု၊ စုဆောင်းငွေများဖြင့် ထုတ်ချေးငွေကျပ်သန်း ၁၂၁၇၃၁.၅၂၉ ကို ထုတ်ချေးခဲ့တဲ့နေရာမှာ အသင်းသားများမှ အပြေအကြေ ပေးဆပ်ခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် ဇူလိုင်လမှာတော့ စတုတ္ထအကြိမ်အဖြစ် အမေရိကန်ဒေါ်လာ သန်း ၄၀၀ နှင့် အသင်းသားများ၏ အစု၊ စုဆောင်းငွေများဖြင့် ထုတ်ချေးငွေကျပ်သန်း ၄၀၃၇၁၇.၈၈၁ ကို သတ်မှတ်ကာလ ခြောက်လပြည့်သည့်အတွက် သမဝါယမအသင်းသားတောင်သူများမှ အရင်း+ အတိုးအားလုံးပေးဆပ်ကြသည့်အတွက် ၁၀၀ ရာခိုင်နှုန်း ပြန်လည်ရရှိခဲ့ပြီး ဖြစ်ပါတယ်။ ဆက်လက်၍ ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှာ ပဉ္စမအကြိမ်အဖြစ် အမေရိကန်ဒေါ်လာသန်း ၄၀၀ နှင့် အသင်းများ၏ အစု၊ စုဆောင်းငွေများဖြင့် တိုင်းဒေသကြီး/ ပြည်နယ် ၁၅ ခု၊ သမဝါယမအသင်းပေါင်း ၃၁၈၀၄ သင်း၊ အသင်းသားပေါင်း ၂၆၅၆၃၁၁ ဦးသို့ ပံ့ပိုးငွေကျပ်သန်းပေါင်း ၃၇၆၆၇၀.၁၂၇၊ ထုတ်ချေးငွေကျပ်သန်း ပေါင်း ၄၆၃၂၉၄.၁၉၇ တို့ကို ထုတ်ချေးပေးခဲ့ပြီး လာမည့် ၂၀၁၆ ခုနှစ် ဇွန်လကုန်မှာ အသင်းသားများ အား ပြန်လည်ကောက်ခံသွားမှာ ဖြစ်ပါတယ်။

အလျဉ်းသင့်၍ တင်ပြလိုတာကတော့ ကျွန်တော်တို့ရဲ့ ထုတ်ချေးငွေဖြစ်တဲ့ မူလက အရင်း အနှီးစိုက်ထုတ်ငွေဖြစ်တဲ့ အမေရိကန်ဒေါ်လာ သန်း ၄၀၀ ပေါ်မှာ ဒီခြောက်လအတွင်းမှာ တက်လာတဲ့ ငွေကြေးပမာဏ၊ ထုတ်ချေးနိုင်တဲ့ပမာဏဖြစ်ပါတယ်။ ဒီပမာဏဟာ အသင်းသူ/အသင်းသားများရဲ့ စုဆောင်းငွေအားဖြင့် ကျပ်သန်းပေါင်း ၆၀၀၀၀ ကျော် တိုးတက်လာတာကို တွေ့ရှိရပါတယ်။ ယခု မေးခွန်းနှင့်ပတ်သက်ပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာ သာစည်မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘို မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်သန်းတို့မှလည်း မေးမြန်းခဲ့ခြင်း အပေါ် ဖြေကြားခဲ့ပြီးဖြစ်တယ်လို့ သိရပါတယ်။ သို့ဖြစ်တဲ့အတွက် ယခုထပ်မံ၍ ရှမ်းပြည်နယ်၊ နမ္မတူ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေး၏ ကြယ်ပွင့်ပြမေးခွန်းနှင့် စပ်လျဉ်း ပြီး သမဝါယမအသင်းသား တောင်သူများသို့ သမဝါယမမှထုတ်ချေးသော စိုက်ပျိုးစရိတ်ချေးငွေဟာ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်၏ သဘောတူခွင့်ပြုချက်အရ China EXIM Bank ထံမှ ရယူထားသော ချေးငွေများဖြင့် ထုတ်ချေးပေးခြင်းဖြစ်ပြီး နှစ်နိုင်ငံချုပ်ဆိုထားသည့် စာချုပ်ပါ စည်းကမ်းအရ ခြောက်လတစ်ကြိမ် အတိုး/အရင်းပေးရန်ဖြစ်၍ ဒီအချက်မှာ သူတို့ဆီကကောက်ခံ

သလို မိမိကိုယ်တိုင်လည်း ခြောက်လတစ်ကြိမ် အတိုး/အရင်း ပေးရတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တစ်နှစ်တစ်ကြိမ် အတိုး/အရင်းပေါင်း စာချုပ်ပါစည်းကမ်းအရ ပြန်လည်ပေးဆပ်သောစနစ်ကို ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဒေါ်နန်းခမ်းအေး(နမ္မတူမဲဆန္ဒနယ်)။** ။ လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတစ်ဆက်တစ်ဆက်တည်းမေးမြန်းခွင့်ပြုပါရှင်။ ဒီအတိုးအရင်းပေါင်း ခြောက်လတစ်ကြိမ် ပြန်လည်ပေးဆပ်တယ်ဆိုတာက ဒီဇူလိုင်လမှာ တောင်သူလယ်သမားတွေဟာ အဲဒီချေးငွေနဲ့အတိုးနဲ့ အရင်းကို သမဝါယမကို ပေးဆပ်ရပါတယ်။ သမဝါယမအသင်းကနေပြီးတော့ ဘဏ်ကိုပေးသွင်းပြီး တစ်ပတ်အတွင်း အဲဒီငွေကိုပြန်ထုတ် ပြီးတော့ အဲဒီသမဝါယမအသင်းသားကို ပြန်ထုတ်ချေးပေးရပါတယ်။ ဒီစနစ်ဟာ ကျွန်မခုနက ပြောသလိုပါပဲ ဒီငွေတွေပြန်ဆပ်နိုင်ဖို့အတွက် တစ်ခြားလူတွေဆီကနေပြီးတော့ ချေးငွေပြန်ယူရ ပါတယ်။ ကျွန်မတို့ ဒီမြေပြင်မှာဖြစ်နေတဲ့အခြေအနေနဲ့ ဒီဝန်ကြီးဌာနမှာ တင်လာတဲ့စာရင်းတွေဟာ ကြည့်လိုက်မယ်ဆိုလို့ ရှိရင်တော့ ငွေတွေဟာအပြည့်အဝသွင်းနိုင်တယ်လို့ မြင်ရမှာတစ်ကယ့် လက်တွေ့အခြေအနေတော့ အဲ့ဒီလို မဟုတ်ပါဘူး။ ဒီလို ကျွန်မတို့ ဇူလိုင်လမှာ သွင်းရမယ့်ငွေတွေကို ဗဟိုသမဝါယမအသင်းကနေပြီးတော့ အသင်းပိုင်ငွေ ခုနက ဝန်ကြီးလည်းဖြေသွားပါတယ်။ အသင်း ထဲက ပိုင်ငွေအများကြီး တိုးလာပါတယ်ဆိုတာကို အသင်းပိုင်ငွေနဲ့လည်း အစားထိုးလျှင်သော်လည်း ကောင်း၊ ဒါမမဟုတ်ရင် ကျွန်မတို့နိုင်ငံမှာရှိတဲ့ ငွေတစ်ခုခုနှင့်အစားထိုးလျှင်သော်လည်းကောင်း၊ ဒါမမဟုတ်ရင် သက်ဆိုင်ရာ ဘဏ်မှာ ၁ ရာခိုင်နှုန်းအတိုးယူပြီး အစားထိုးပေးသွင်းလျှင်လည်း အဆင် ပြေနိုင်ပါတယ်။ အဲဒီ ၁ ရာခိုင်နှုန်းအတိုးကို နှစ်စဉ်ဇူလိုင်လမှာ တစ်နှစ်တစ်ခါ ပြန်လည်ပေးသွင်းတဲ့ အချိန်မှာ အသင်းသားတွေကို ၁ ရာခိုင်နှုန်းထပ်ပြီးတော့ ဆောင်းပြီးတော့ တိုးစေလို့ရှိရင် အသင်းသားတွေအတွက် ပိုမိုပြီးအဆင်ပြေစေပါတယ်။ အခု ဒီဇူလိုင်လမှာသာ ဤစနစ်ကို ပြန်လည်ကျင့်သုံးမယ်ဆိုလို့ရှိရင် သဘာဝဘေးဒဏ်နဲ့ စစ်ဒဏ်ခံနေရတဲ့ ဆင်းရဲတွင်းဆင်းနေတဲ့ ပြည်သူတွေဟာဆိုလို့ရှိရင် ကျွန်မတို့ ဝန်ကြီးဌာနကနေပြီးတော့ အချောဆီထပ်လောင်းတာနဲ့ အတူတူဖြစ်နေမှာပါ။ မပြေလည်တဲ့ ပြဿနာတိုင်းမှာဆိုလို့ရှိရင် တာဝန်ရှိတဲ့သူတွေက ပြေလည်အောင်ဖြေရှင်းချင်တဲ့ စိတ်ဓာတ်ကအဓိကပါ။ အဲဒါကြောင့် ကျွန်မမေးမြန်းလိုတဲ့မေးခွန်းကတော့ နှစ်စဉ်ဇူလိုင်လမှာ ပြန်လည်ပေးဆပ်ရမယ့် အတိုးရင်းပေါင်းချေးငွေကို ပြေလည်အောင် အစားထိုးခြင်းဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ရှင်။

**မူကြမ်း**

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)။** ။ ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့ ဖြေကြားရမယ်ဆိုရင် ဒီသမဝါယမရဲ့ အသေးစား ချေးငွေဆိုတဲ့ အစီပွာယ်က ကျွန်တော်တို့ နိုင်ငံတော်ကနေပြီးတော့ ချေးပေးတဲ့ ချေးငွေရှိပါတယ်။ နိုင်ငံတော်ကချေးပေးတဲ့ချေးငွေဟာ တောင်သူလယ်လုပ်တဲ့ လူတွေအတွက် ဒီနှစ်မှာဆိုလို့ရှိရင် အတတ်နိုင်ဆုံးအနေနဲ့ ၁၅၀၀၀ ချေးငွေပေးတဲ့အထိ ဖြစ်ပါတယ်။ ဒီသမဝါယမ လုပ်ငန်းကနေ ချေးတဲ့ ချေးငွေကတော့ စီမံခန့်ခွဲတဲ့အဖွဲ့အစည်းကိုယ်တိုင်ကိုက သက်ဆိုင်ရာ ဒီသမဝါယမအဖွဲ့ အစည်းများ ကိုယ်တိုင် စီမံခန့်ခွဲတဲ့စနစ်ကို ကျင့်သုံးပါတယ်။ နိုင်ငံတော်က ဒီကဏ္ဍမှာပါဝင်ရတာက ဒီချေးငွေကို ပေးအပ်ခြင်း၊ လွှဲပြောင်းခြင်းကို ဆောင်ရွက် စီစဉ်ပေးရတာ ဖြစ်ပါတယ်။ ဒီချေးငွေရယူဖို့ရန်အတွက် စောစောက ကျွန်တော်တင်ပြခဲ့သလိုပဲ ကျွန်တော်တို့အနေနဲ့ တရုတ်ကယူတဲ့အချိန်မှာ ခြောက်လ အတွင်း လုပ်ဆောင်မယ်ဆိုတဲ့ စာချုပ်ပါစည်းကမ်းပါတဲ့အတွက် ဒီကောင်ကိုတော့ ပြင်ဆင်ပြီးတော့ လုပ်ပေးနိုင်ဖို့မရှိပါဘူး။ အခုပြောတဲ့ ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းရဲ့ ဖြစ်နိုင်ချေရှိတာကတော့ ဒီချေးငွေကိုစီမံခန့်ခွဲဖို့ရတဲ့ ဒီငွေနဲ့ဗဟိုစီမံခန့်ခွဲ ချင်တယ် ဆိုရင်တော့ ဒီစီမံခန့်ခွဲဖို့ အခွင့်အာဏာရှိတဲ့ သက်ဆိုင်ရာ သမဝါယမအသင်းဟာ ရှိတဲ့အဖွဲ့အစည်း များနဲ့ ညှိနှိုင်းဆောင်ရွက်ရင် အဆင်ပြေမယ်လို့ ထင်ပါတယ်။ အခု နိုင်ငံတော်မှာ လည်းပဲ မိမိရဲ့ဆပ်ရမယ့်ကြွေးမြီတွေဖြစ်တဲ့အတွက် ဒီစာချုပ်ပါ စည်းကမ်းအရတော့ ကျွန်တော်တို့ အနေနဲ့ ဒီငွေကြေးအပေါ်မှာ စာချုပ်ပါစည်းကမ်းအတိုင်း ဆောင်ရွက်ခြင်းမှလွဲပြီး တစ်ခြားနည်း မရှိပါဘူး။ ဒီသမဝါယမချေးငွေကို လက်တွေ့ဆောင်ရွက်နေ ကြတဲ့ ပုဂ္ဂိုလ်များအနေနဲ့ စောစောက ပြောသလိုပဲ သူတို့မှာရှိနေတဲ့ စီမံခန့်ခွဲနေတဲ့အားကို ဆုံးဖြတ် ပိုင်ခွင့်က ဘယ်သူကိုပေးထား သလဲလို့ဆိုလို့ရှိရင် အဲဒီသမဝါယမအဖွဲ့အစည်းများကို အပြည့်အဝ ပေးထားပြီးဖြစ်ပါတယ်။ ဒီတော့ သမဝါယမ အဖွဲ့အစည်းအနေနဲ့ အခုလို လယ်သမားတစ်ဦးကို ၁၀၀၀၀၀ ချေးတာ နောက်ပိုင်းမှာ အစီအစဉ်အရ သူတို့ဆက်လက်ပြီးတော့ဆွဲထားတာက တစ်ကယ် လိုအပ်တဲ့သူ၊ တစ်ကယ် အသုံးပြုတဲ့သူအတွက် သူ့အနေနဲ့ ကျပ် ၅၀၀၀၀၀ အထိ ထုတ်ချေးပေးမယ့် အစီအစဉ်များ ရှိတယ်လို့လဲ သိရပါတယ်။ ဒါကြောင့်မို့ ဒီကိစ္စကိုတော့ သက်ဆိုင်ရာသမဝါယမ အသင်းများရဲ့ စီမံခန့်ခွဲမှုအောက်မှာသာ ရှိတယ်ဆိုတဲ့အကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါမဲဆန္ဒနယ်က မကွေးတိုင်းဒေသကြီး၊ အနောက်ပိုင်းရှိ သစ်တောပြုန်းတီးမှုများနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများအား ထိန်းသိမ်းစောင့်ရှောက် ပေးပါရန်နှင့် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်က အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဒေါ်ယဉ်မင်းလှိုင်အား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်ယဉ်မင်းလှိုင်(ဂန့်ဂေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များရှင်။ ကျွန်မကတော့ ဂန့်ဂေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင်ဖြစ်ပါတယ်။ ဒီနေ့ ကျွန်မတင်သွင်းမယ့်အဆိုကတော့ မကွေးတိုင်းဒေသကြီး၊ အနောက်ပိုင်းရှိ သစ်တောပြုန်းတီးမှုများနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုအား ပြည်ထောင်စုအစိုးရမှ ထိန်းသိမ်းစောင့်ရှောက်ပေးပါရန် တိုက်တွန်းကြောင်းအဆိုဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ်ဟာ ဧက ၆၀၀၀၀၀ ကျော်ကျယ်ဝန်းပြီးတော့ သစ်တောထူထပ်တဲ့ဒေသဖြစ်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ် ကြေးတိုင်နှင့်မြေဌာနစာရင်းအရ ကြိုးဝိုင်း၊ ကြိုးပြင် သစ်တောစုစုပေါင်း ၃၆၀၀၀၀ ကျော်ရှိကြောင်းကို ဖော်ပြထားပါတယ်။ ဒါပေမယ့် မြေပြင်က ပကတိအခြေအနေကတော့ လူမြင်ကွင်းလမ်းဘေးမှာသာ သစ်ပင်ကြီးများရှိပြီး အတွင်းပိုင်းမှာ အပင်ကြီးများပြောင်သလင်းခါမတတ်ဖြစ်နေပါတယ်။ ပိတောက်ဆိုရင် အငုတ်ပါမကျန် တူးယူရောင်းချပြီး ပြည်ပကို တင်ပို့နေကြပါတယ်။ ရှေးယခင်အခါကဆိုရင် သစ်တောတွေမှာ ကျွန်း၊ ပျဉ်းကတိုး၊ တမလန်စတဲ့ အဖိုးတန်သစ်များထွက်ရှိပြီးတော့ အင်္ဂလိပ်ခေတ်က ဒေသခံများကို သွားကြားထိုး နားပန်ခေါ်တဲ့ ထင်းအသုံးပြုရန်နှင့် မိမိအိမ်ဆောက်ရန်သာ ခွင့်ပြု၍ စနစ်တကျ ထိန်းသိမ်းနိုင်ခဲ့ပါတယ်။ သို့သော် ၁၉၉၀ ခုနှစ်ကစပြီး ကုမ္ပဏီများကိုလုပ်ပိုင်ခွင့် ချပေးခဲ့ရာမှာ ခွင့်ပြုသောနေရာကတခြား၊ ခုတ်ယူသောနေရာကတစ်နေရာ၊ ခွင့်ပြုသည်ကတန် ၁၀၀၊

ခုတ်ယူသည်က တန် ၂၀၀ မက စည်းကမ်းမဲ့ကုမ္ပဏီတချို့ကြောင့် သစ်တောများများစွာ ပြုန်းတီးခဲ့ပြီး ဖြစ်ပါတယ်။ ယခုအခါ ကမ္ဘာမှာ အင်ဒိုနီးရှားပြီးရင် မြန်မာနိုင်ငံဟာ သစ်တောပြုန်းတီးမှုအများဆုံး ဖြစ်ပါတယ်။ ယခင်က ပုံတောင်ပုံညာဟာ နှစ်သန်း ၄၀ က Primate တွေ့ရှိခဲ့တဲ့ နာမည်ကျော် ဒေသ ဖြစ်ရုံမက ဂေဟစနစ်ကြွယ်ဝပြီးတော့ ယောဒေသသစ်တောတစ်လျှောက်မှာ စိမ့်စမ်းရေတံခွန်တွေ ရေထွက်တွေပေါများခဲ့သော်လည်း ယခုအခါ မရှိသလောက်ဖြစ်နေကြောင်း တွေ့ရှိခဲ့ရပါတယ်။ သစ်တောပြုန်းတီးမှုကို ပိုမိုဖြစ်ပွားစေတာကတော့ အခုအခါ အမြို့မြို့ဆိုင်တိုင်းမှာ အလွယ်တကူ ဝယ်ယူရရှိနေတဲ့ chain saw ခေါ် လျှပ်စစ်လွှများနဲ့ စည်းကမ်းမဲ့ထုတ်ယူနေကြခြင်းကြောင့် ဖြစ်ပါတယ်။ အိမ်ခြေ ၅၀၀ ရှိတဲ့ရွာမှာတောင် chain saw ၁၀၀ ခန့်ရှိပြီး ဂန့်ဂေါမြို့နယ်တစ်လျှောက် chain saw ၁၀၀၀ ကျော်ရှိနေပါတယ်။ သစ်တောဦးစီးဌာနကနေ စုံစမ်းသိရှိရတာကတော့ chain saw တွေ ခွင့်ပြုထားတာ ၂၄ လက်သာရှိပြီး ၎င်းတို့အနက် လေးလက်သာ သက်တမ်းတိုးထားကြောင်း သိရှိရပါတယ်။ ဒီသေးငယ်တဲ့ ဈေးနှုန်းတစ်သိန်းခွဲမှ သုံးသိန်းခန့်သာရှိတဲ့ chain saw လေးများဟာ သစ်ပင်ကြီးများကို အံ့သြစရာကောင်းလောက်အောင် ခုတ်လှဲခွဲခြမ်းနိုင်စွမ်းရှိပါတယ်။

chain saw ရဲ့သဘာဝဟာ သစ်ပင်ကြီးတစ်ပင် ခုတ်လိုလျှင် ပတ်ဝန်းကျင်ရှိ အပင်ငယ်၊ အပင်လတ်များကိုပါ ခုတ်လှဲရလို့ သစ်တောပြုန်းတီးမှုကို အလွန်အကျွံဖြစ်ပွားစေပါတယ်။ chain saw တွေကို Custom duty ရှိမှ သုံးစွဲခွင့်၊ ရောင်းဝယ်ခွင့်လိုင်စင်ရမှာဖြစ်ပေမယ့် လွယ်လင့်တကူ Show Room ကြီးများတွင်ပင် ပြသရောင်းချနေခြင်း၊ ဈေးချိုခြင်း၊ အလွယ်တကူအသုံးပြုနိုင်ခြင်း၊ သယ်ယူရလွယ်ကူခြင်း၊ နာရီပိုင်းအတွင်း သစ်ပင်ကြီးတစ်ပင်ကို နေရာတွင်ပင် လိုချင်သော အရွယ်အစားခွဲခြမ်းနိုင်ခြင်းတို့ကြောင့် ယခုအခါ အလွန်အကျွံအသုံးပြု၍ သစ်ထုတ်နေကြပါတယ်။ chain saw နဲ့ပတ်သက်ပြီး ဥပဒေများ ပြဋ္ဌာန်းပြီးဖြစ်သော်လည်း အသက်ဝင်မှု၊ အသုံးချနိုင်မှု နည်းပါးအားနည်းနေတာ တွေ့ရှိရပါတယ်။ တရားမဝင်သစ်တွေကို ဂန့်ဂေါမြို့ကနေ ကလေးမြို့၊ မန္တလေးမြို့၊ ပခုက္ကူမြို့များသို့ ၁၀ ဘီး၊ ၁၂ ဘီးကားများနှင့်သာမက Pajero၊ Parado ကားများတွင်ပင် ပဲအိတ်၊ နှမ်းအိတ်များ၊ စက္ကူချပ်ဖာများဖုံးလွှမ်းသယ်ဆောင်ပြီးတော့ ဥပဒေမဲ့တင်ပို့ရောင်းချနေကြပါတယ်။ တောထဲမှာ ဖမ်းမိပါကလည်း ပိုင်ရှင်မဲ့ဖြစ်ခြင်း၊ ညတွင်မိပါက တောနက်၍ အိမ်မစောင့်နိုင်ခြင်း၊ မနက်တွင်သစ်အပုံလိုက်ပျောက်ဆုံးပြီး တစ်ပတ်ခန့်ကြာမှ သစ်ကိုမမိတော့ဘဲ လူကိုသာ မိတော့ခြင်းများ တွေ့ရပါတယ်။ ထို့အပြင် ယခုအခါသစ်ကိုသာမက ဝါးကိုပါ အလွန်အကျွံ ထုတ်ယူ၍ အခြားမြို့နယ်များသို့ တင်ပို့ရောင်းချနေကြပါတယ်။ ဝါးပင်ဆိုတာ သူရဲ့အမြစ်တွေနဲ့ မြေဆီလွှာကို

ထိန်းသိမ်းနိုင်ပါတယ်။ ဝါးပြုန်းရင် တောပြုန်းပြီး တောပြုန်းရင် တောင်ပြိုပါတယ်။ တောင်ပြိုရင် ရေကြီးပါတယ်ရှင်။ ဖော်ပြပါပုံတွေကတော့ တောပြုန်းနေတဲ့ပုံတွေ ဖြစ်ပါတယ်။ ယခင်ကဆိုရင် သဘာဝကျွန်းပင်တွေရဲ့ အဖူးအညွန့်တို့နှင့် တစ်တောလုံးနီညိုရောင်ဖြစ်ပါတယ်။ အခုအခါ ကျွန်းပင်များမရှိသလောက် နည်းသွားပါပြီ။ ပုဂ္ဂလိကများကို လုပ်ကိုင်ခွင့်ပြုတဲ့အခါမှာလည်း သဘာဝအပင်များကို စနစ်တကျပြုစုပျိုးထောင်မှုမရှိဘဲ အပင်ကြီးများကို ခုတ်ယူပြီး တစ်ကွင်းလုံး မီးရှို့ပြီးမှ အသစ်စိုက်ပျိုးကြပါတယ်။ သဘာဝကျွန်းပင်ဆိုတာ ပေ ၅၀ ကျော်အထိ မြင့်မားပြီး စိုက်ပျိုးသော အပင်များဟာ ၂၅ ပေခန့်သာမြင့်မားကြောင်း ပညာရှင်များထံမှသိရှိရပါတယ်။

သို့ဖြစ်ပါ၍ ဂန့်ဂေါမြို့နယ်အတွင်း သစ်တောပြုန်းတီးခြင်း၊ သဘာဝပတ်ဝန်းကျင် ပျက်စီးခြင်းတို့ဖြင့် ရာသီဥတု အပူအအေးပြင်းထန်ပြီး သောက်သုံးရေရှားပါးပြတ်လပ်ခြင်းများ ဖြစ်ပေါ်နေပါတယ်။ ပုံတောင်နှင့် ပုံညာကို ဖြတ်သန်းရတဲ့ အဝေးပြေးလမ်းမကြီးဘေးမှာလည်း သစ်တောပြုန်းတီးပြီးတော့ မြေဆီလွှာထိန်းသိမ်းနိုင်ခြင်းမရှိလို့ မကြာခဏ တောင်ပြိုပြီးတော့ လမ်းပိတ်ဆို့နေပါတယ်။ ယခုအချက်အလက်တွေဟာ ကျွန်မရဲ့မဲဆန္ဒနယ်ဖြစ်တဲ့ ဂန့်ဂေါမြို့နယ်ကို ဥပမာပြုတင်ပြထားသော်လည်း မကွေးတိုင်းဒေသကြီးအနောက်ပိုင်းနှင့် စစ်းကိုင်းတိုင်းဒေသကြီး ဆက်စပ်နေသောဒေသများနှင့် နိုင်ငံတစ်ဝှမ်းလုံးရှိ သစ်တောဒေသအားလုံးမှာ ဖြစ်ပွားအကျိုးသက်ရောက်လျက်ရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၅ မှာ နိုင်ငံတော်သည် နိုင်ငံတော်သည် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်မည်လို့ ပါရှိပါတယ်။ သို့ဖြစ်ပါ၍ မကွေးတိုင်းဒေသကြီးအနောက်ပိုင်းရှိ သစ်တောပြုန်းတီးမှု၊ ပတ်ဝန်းကျင်ပျက်စီးမှုတို့အား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို အဆိုပြုတင်ပြအပ်ပါတယ်ရှင့်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဒေါ်ယဉ်မင်းလှိုင် တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဦးဉာဏ်လင်းဦး(ထီးလင်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ အားလုံးမင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ထီးလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဉာဏ်လင်းဦးပဲဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး ဂန့်ဂေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင်တင်သွင်းတဲ့ မကွေးတိုင်း

ဒေသကြီး အနောက်ပိုင်းရှိ သစ်တောပြုန်းတီးမှုနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများအား ထိန်းသိမ်းစောင့်ရှောက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဖြည့်စွက်ထောက်ခံသွားမှာဖြစ်ပါတယ်ခင်ဗျား။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ ၁၉၉၀ ခုနှစ်မတိုင်မီက သစ်တောပြုန်းတီးမှုဧရိယာဟာ နိုင်ငံဧရိယာရဲ့ထက်ဝက်ကျော် ၆၀ ရာခိုင်နှုန်းထိရှိခဲ့ကြောင်းသိရှိရပါတယ်။ ၂၀၁၀ ခုနှစ်မှာတော့ ၄၆.၉ ရာခိုင်နှုန်းအထိကျဆင်းခဲ့ပြီး ယခုလက်ရှိအချိန်မှာ ၄၂.၉၂ ရာခိုင်နှုန်းသာရှိတော့ကြောင်း သိရှိရပါတယ်ခင်ဗျား။ သစ်တောပြုန်းတီးမှုနှုန်းအနေနဲ့ ၁၉၉၀ ခုနှစ်မှ ၂၀၁၀ ခုနှစ်ထိ ၀.၅၅ ရာခိုင်နှုန်းရှိနေရာမှ ၂၀၁၀ ခုနှစ်မှ ၂၀၁၅ ခုနှစ်မှာတော့ ၁.၇၃ ရာခိုင်နှုန်းထိ မြင့်တက်လာတာကို တွေ့ရှိရပါတယ်။ ဧရိယာအားဖြင့် ၁၃၆၅၀၀၀ ဧကကျော် နှစ်စဉ်ပျက်စီးပြုန်းတီးနေတာကို သိရှိရပါတယ်ခင်ဗျား။ သစ်တောပြုန်းတီးရခြင်းအကြောင်းရင်းများကတော့ (၁) ရွှေ့ပြောင်းတောင်ယာများခုတ်ထွင်ရှင်းလင်းခြင်း၊ (၂) တရားမဝင်သစ်ခိုးထုတ်မှုများရှိနေခြင်း၊ (၃) တာတမံများ၊ ဆည်များတည်ဆောက်ရာတွင်ရေဝပ်ဧရိယာများမှ သစ်တောများခုတ်ထွင်ရှင်းလင်းခြင်း၊ (၄) နိုင်ငံတော်စိုက်ပျိုးရေးစီမံကိန်းများအတွက် သစ်တောများကိုခုတ်ထွင်ခြင်း ဥပမာ-ဆီအုန်းစီမံကိန်း၊ (၅) လူဦးရေတိုးတက်လာမှုနှင့်အတူ ပြည်သူများရဲ့နေ့စဉ်လိုအပ်ချက်ဖြစ်တဲ့ ထင်းနှင့်အိမ်သုံးသစ်၊ ဝါးများခုတ်ယူနေခြင်း၊ (၆) သစ်တောထွက်ပစ္စည်းများသုံးစွဲရာမှာ လုပ်ထုံးလုပ်နည်းနှင့်မညီညွတ်ဘဲထုတ်ယူနေခြင်း၊ (၇)တရားဝင်ခွင့်ပြုထားသော ပုဂ္ဂလိကပိုင်စိုက်ခင်းများ၊ အစုအစပ်ပိုင်စိုက်ခင်းများတည်ထောင်ရာမှာ စီမံကိန်းများအောင်မြင်မှုမရှိခြင်း၊ (၈) ကျောက်မျက်ရတနာများ၊ ဓာတ်သတ္တုများတူးဖော်ရာမှာ သဘာဝတောများပျက်စီးခြင်းအစရှိတဲ့အကြောင်းအရင်းများကြောင့် ကျွန်တော်တို့မြန်မာနိုင်ငံရဲ့သစ်တောများဟာ တစ်နှစ်ထက်တစ်နှစ်လျော့ပါးလာရခြင်းပဲဖြစ်ပါတယ်။ သဘာဝတောများပျက်စီးဆုံးရှုံးလာမှုနှင့်အတူ ကျွန်တော်တို့နိုင်ငံဟာ သဘာဝကပေးတဲ့အန္တရာယ်အမျိုးမျိုးကိုကြုံတွေ့လာရပါတယ်။ နာဂစ်ကဲ့သို့သော မုန်တိုင်းကြီးများကျရောက်လာပါက အကာအကွယ်မရှိခြင်း၊ ရာသီဥတုဖောက်ပြန်ပြီး မိုးခေါင်ရေရှားနိုင်ခြင်း၊ အပူချိန်မြင့်မားလာနိုင်ခြင်း၊ မိုးသည်းထန်ပြီး ရေကြီးရေလျှံမှုများဖြစ်ပေါ်လာနိုင်ခြင်း၊ မြေပြိုမှုများဖြစ်ပေါ်လာနိုင်ခြင်း၊ မြေတိုက်စားမှုများဖြစ်ပေါ်လာပြီးမြေဆီလွှာများပျက်စီးကာ စိုက်ပျိုးသီးနှံများမဖြစ်ထွန်းတော့ခြင်း၊ မြစ်ချောင်းအင်းအိုင်များ နုန်းဖို့ပြီးတော့ မြေအောက်ရေ Level နိမ့်ကျပြီးတော့ သောက်သုံးရေနှင့်စိုက်ပျိုးရေများ ရှားပါးလာနိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကြောင့် ဇီဝမျိုးများတစ်စတစ်စပျောက်ကွယ်နိုင်ခြင်း အစရှိတဲ့အန္တရာယ်များနှင့် ကြုံတွေ့နေရတာ ဖြစ်ပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ဖော်ပြပါသဘာဝဘေးအန္တရာယ်များမှ ကာကွယ်နိုင်ဖို့ဆိုလို့ ရှိရင် သစ်တောများကိုကာကွယ်ခြင်း၊ သစ်တောများကို စနစ်တကျပြုစုပျိုးထောင်ခြင်း၊ သစ်တောများကို စနစ်တကျစီမံအုပ်ချုပ်ခြင်း၊ သစ်တောထွက်ပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ အသုံးပြုခြင်းစသည်တို့ကို နိုင်ငံတော်အစိုးရအနေဖြင့် မဟာဗျူဟာနည်းဗျူဟာများ ချမှတ်အကောင်အထည်ဖော်ရမှာ ဖြစ်ပါတယ်ခင်ဗျား။ လက်ရှိအချိန်မှာ သစ်တောပြုန်းတီးရခြင်းအကြောင်းအရင်းများကို ပံ့ပိုးနေတဲ့ အဓိကအချက်ကတော့ Chain Saw ခေါ် လျှပ်စစ်လွှများဖြစ်နေကြောင်း တွေ့ရှိရပါတယ်။ နိုင်ငံတစ်ဝန်းလုံးအမြို့မြို့အနယ်နယ်ထဲမှာ Chain Saw များကို တရားမဝင်ကိုင်တွယ်ကျင့်သုံးနေပြီး တောင်ယာခုတ်ခြင်းမှအစ သစ်ခိုးထုတ်မှုအဆုံးစည်းကမ်းမဲ့စွာဆောင်ရွက်နေသည်ကို တွေ့ရှိရပါတယ်။ သစ်တောဥပဒေများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေများ၊ သားငှက်ဥပဒေများ၊ သတ္တုတွင်းဥပဒေများရှိနေသော်လည်း တရားဥပဒေစိုးမိုးမှုမရှိ၊ သက်ရောက်မှုမရှိဘဲဖြစ်နေပါတယ်။ သို့ဖြစ်ပါ၍ Chain Saw အမျိုးမျိုးတင်သွင်းရောင်းချနေသော အမြို့မြို့အနယ်နယ်မှ ဆိုင်ကြီးများနှင့် လက်ဝယ်ကိုင်တွယ်ကျင့်သုံးနေသူများအား ဥပဒေနှင့်အညီ အမြန်ဆုံးစိစစ်ကာကွယ်တားဆီးသင့်ပါကြောင်း တင်ပြလိုပါတယ်။ နိဂုံးချုပ်အားဖြင့်ဆိုလျှင် သက်ရှိလောကတည်မြဲဖို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းဖို့ဆိုသော ဆောင်ပုဒ်နှင့်အညီ သက်ရှိလောကကြီးတည်တံ့နေရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင်တင်သွင်းသော သစ်တောပြုန်းတီးမှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှုအား ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက်ထောက်ခံပါကြောင်း တင်ပြရင်းနိဂုံးချုပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃) အရ လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဒေါ်ယဉ်မင်းလှိုင် တင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်က သဘောတူတဲ့အတွက် ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါမဲဆန္ဒနယ်က တင်သွင်းသော မကွေး တိုင်းဒေသကြီးအနောက်ပိုင်းရှိ သစ်တောပြုန်းတီးမှုများနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများအား ထိန်းသိမ်းစောင့်ရှောက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လက်ခံ ဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါမဲဆန္ဒနယ်က တင်သွင်းသော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅) အရ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၅-၆-၂၀၁၆ ရက် (တနင်္ဂနွေနေ့) ညနေ ၁၆:၀၀ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းကြရန်ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့လာသော ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လက်ခံ ရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး ၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ပြင်ဆင် ချက်မရှိ အတည်ပြုပြီးနောက် ၃၀-၅-၂၀၁၆ ရက်နေ့မှာ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာပါ တယ်။ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူ ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၂ နည်းဥပဒေခွဲ(ဂ)နှင့် (ဃ)တို့အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့လာသော အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း**

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ပြင်ဆင်ချက်မရှိ အတည်ပြုပြီးနောက် ၃၀-၅-၂၀၁၆ ရက်နေ့မှာ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၂ နည်းဥပဒေခွဲ(ဂ)နှင့် (ဃ)တို့အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့လာသော တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း**

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ပြင်ဆင်ချက်မရှိ အတည်ပြုပြီးနောက် ၃၀-၅-၂၀၁၆ ရက်နေ့မှာ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၂ နည်းဥပဒေခွဲ(ဂ)နှင့် (ဃ)တို့အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

မူကြမ်း

## ပြည်သူ့လွှတ်တော်ကဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၈)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၇) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂ ရက်(ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အချိန်၊ ၁၀း၅၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့ကို ၁၀း၅၅ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**